# အိမ်မြှောင်လျှောင်အိမ် အခန်း ၃၃

ထွက်ပေါက်တံခါးဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ **“ အေးမင်းတို့ကို ငါ့ငွေအလုံအလောက်ပေးလိုက်မယ်။ အဲဒီငွေဟာ ဘုရားကပ်ဖို့ ပန်းနဲ့ ဆီမီး၊ အမွှေးတိုင်ဝယ်ဖို့ဘဲ။ ဘာမှအပိုမပေးနိုင်ဘူး။ အေးအခုပေးတဲ့ငွေဟာလည်း မင်းတို့မုန့်ဖိုးထဲကနေပြန်ဖြတ်မယ်။”** မေမေပေးတဲ့ငွေကို တေဇအိတ်ထောင်ထဲထည့်လိုက်ပါတယ်။ နေ့ခင်းပိုင်းအပူရှိန်ပြင်းလွန်းလှတဲ့အချိန် ခြေလှမ်းတွေကို မြန်မြန်လှမ်းကြတယ်။ ညီအစ်ကိုနှစ်ယောက်စိတ်ကူးထဲမှာ မဟာဗန္ဓုလမ်းမကြီးပေါ်မှာ ဘီလူးကြီးက တလှမ်းချင်းလှမ်းလာနေတယ်။ ဂေါ်ဇီလာကောင်ကြီးတကောင်လို ကျောက်ခဲတုံးနှင့် လှမ်းပေါက်လိုက်တယ်။

**အောင်မင်း။ ။ “ တကယ်ဘဲ အဲဒီလိုဖြစ်မှာလား?”**

**တေဇ။ ။ “ မဟုတ်ဘူး ညီလေး။ မေမေက ငါတို့သူများအသက်ကို မသတ်စေချင်တာ။ အခုအိမ်မြှောင်ကိုသတ်တာလည်း မေမေမကြိုက်ဘူး”**

**အောင်မင်း။ ။ “ ပြောလို့ရမလား။ အပြင်မှာလည်း ဒီလိုမဖြစ်နိုင်ဘူးလို့။”**

**တေဇ။ ။ “ အလကားပါကွာ၊ ဘီလူးတွေ၊ နတ်တွေဆိုတာ အပြင်မှာ တကယ်မရှိပါဘူး။ ”**

**အောင်မင်း။ ။ “ မင်းဘယ်လို သိလဲ?”**

**တေဇ။ ။ “ နတ်တွေဟာလည်း လူတွေနဲ့အရွယ်တူတူပဲ။ တခါတလေ ငယ်ရင်လည်းငယ်မယ်။ ကြီးရင်လည်းကြီးနိုင်တယ်။ သိပ်မကွာပါဘူးကွာ။ မေမေက ငါတို့ နောက်ဒီလိုမလုပ်အောင် ခြောက်တာပါကွာ။ ဘာလည်း မင်းကြောက်သွားသလား?”**

**အောင်မင်း။ ။ “မကြောက်ပါဘူး။ ”**

**တေဇ။ ။ “ ဟုတ်ပါတယ်၊ မင်းကြောက်နေတာပါ။”**

**အောင်မင်း။ ။ “ မဟုတ်ပါဘူး။ အဲဒီဘီလူးက ငါ့ကိုမမြင်အောင် ဘယ်မှာ ပုန်းရမလဲ၊ ဒါမှမဟုတ်ရင်လဲ ထွက်ပြေးရင်လဲ ရတာပဲမဟုတ်လား ”** ပြောပြောဆိုနှင့် အောင်မင်းသုတ်ခြေတင်ပြီးသွားလိုက်တာ ၄ဘာလောက်လောက် ဝေးသွားတယ်။ တေဇအောင်မင်းနောက်ကို အပြေးလိုက်သွားပြီး အောင်မင်းပုခုံးကို အမိအရကိုင်လိုက်တယ်။ အကိုကြီးလေသံနှင့် **“ ငါတို့နေပူကြီးထဲမှာ ဒီလိုဘဲလျှောက်ပြေးနေရင် အပူလျှပ်ပြီး သေလိမ့်မယ်။”** မဟာဗန္ဓုလလမ်းပေါ်မှာ ဘတ်စ်ကားကြီးတွေပြေးနေတယ်။ ဘတ်စ်ကားထဲမှာလည်း လူတွေအပြည့်။ အပြင်မှာလည်း တွဲလောင်းခိုနေရတဲ့လူတွေလည်း အများကြီး။

ဆူးလေဘုရားကြီးရဲ့ အနီးနားမှာရှိတဲ့ အနော်ရထာလမ်းမကြီး တဖက်တချက်မှာ မိန်းမကြီးတွေ၊ ယောက်ျားကြီးတွေ အလုပ်ဆင်းလို့ အိမ်ပြန်ကြတယ်။ တချို့သောလူတွေဟာ ညနေပိုင်းလမ်းဘေးဆိုင်လေးတွေဖွင့်ဖို့ ပြင်ဆင်နေကြတယ်။

တယောက်နှင့်တယောက် လက်ကိုင်ထားရင်း ဘတ်စ်ကားတွေ တဝေါဝေါဆူညံပြေးလွှားနေတဲ့ လမ်းမကြီးကို ဖြတ်ပြေးကြတယ်။

ဆူးလေဘုရားကြီးရဲ့ ခြေရင်းကိုရောက်တော့ သူတို့ခြေလှမ်းတွေ နှေးလာတယ်။ ဗေဒင်ဆရာတွေ၊ ဘုရားရှိခိုးနည်းစာအုပ်၊ စိပ်ပုတီးတွေရောင်းတဲ့ ဆိုင်အချို့ကိုဖြတ်ကျော်လာတယ်။ လှေကားထစ်တွေ တထစ်ချင်းလှမ်းတက်ရင်း ပန်းဆိုင်ကိုလိုက်ရှာမိတယ်။ ပန်းဆိုင်တွေ့တော့ ပန်းဆိုင်ကအဘွားကြီးက သူတို့ညီအစ်ကိုနှစ်ယောက်ကို ပြုံးပြီးကြည့်နေတယ်။ အဝါရောင်ပန်းတွေ၊ အဖြူရောင်ပန်းတွေကို သေသေချာချာရွေးပြီး ပိုက်ဆံချေလိုက်တယ်။

တေဇစိတ်ထဲကို အိမ်မြှောင်တွေ ပြန်ရောက်လာတယ်။ အောင်မင်းစိတ်ထဲမှာတော့ နတ်ဘီလူးအကြီးကြီးတွေ အပြင်ဘက်မှာတကယ်ရှိနေတယ်ဆိုတာပဲ။ ဘုရားရင်ပြင်တော်မှာ လူတွေဟာထိုင်ပြီး ရှိခိုးနေကြတယ်။ ဘုရားခြေရင်းလမ်းမပေါ်မှာ ပြေးနေတဲ့ဘတ်စ်ကားကြီးတွေတီးတဲ့ ဟွန်းသံဆူညံစွာကြားရတယ်။ ကောင်မလေးတွေ စကားဖောင်ဖွဲ့ပြီး လှေကားထစ်ကို အပြေးအလွှား တက်လာနေတာတွေ့ရတယ်။ ညီအစ်ကိုနှစ်ယောက်တိတ်ဆိတ်စွာ ရှေ့ကိုအနည်းငယ်တိုးရင်း ပန်းတွေကပ်၊ ဆီမီးထွန်း၊ အမွှေးတိုင်ထွန်းကြတယ်။ တွေ့ပါပြီ၊ ဗုဒ္ဓမြတ်စွာဘုရား။ သူ့ကိုငုံ့ပြီး ပြုံးပြုံးကြီးကြည့်နေတယ်။ တေဇကောင်းကောင်းသိတယ်။ မြတ်စွာဘုရားက ကုလားပြည်ကလာတာ ဖြစ်တယ်။ ဘုရားလည်း ကလေးအရွယ်ဖြစ်ခဲ့ဘူးတယ်။ မင်းသားတပါးဖြစ်ခဲ့လို့ ဘုရားလည်း အမဲလိုက်ခဲ့ဘူးမှာပဲ။ ချမ်းသာကြွယ်ဝမှုတွေကို စွန့်လွှတ်ပြီး တရားဒေသနာတွေဟောကြားဖို့ ကူးပြောင်းသွားခဲ့တယ်။ တေဇစဉ်းစားကြည့်တယ်။ မင်းသားဟာ ဂေါတမဘုရားမဖြစ်ခင်တော့ အမဲလိုက်တဲ့အခါလေးပစ်ဖူးမှာ အမှန်ပဲ။ တေဇဟာ ဘုရားရဲ့ချောမွေ့သန့်စင်နေတဲ့ မျက်နှာတော်ကို ဖူးမြှော်ရင်း ဝမ်းနည်းသလိုခံစားလာရတယ်။ တံတွေးတွေ မြိုချလိုက်ရင်း ခေါင်းငုံ့သွားတယ်။

ဒူးထောက်ချလိုက်ရင်း မျက်နှာရှေ့မှာ လက်ဖဝါးနှစ်ဖက်ကိုစုထားပြီး ကန်တော့လိုက်တယ်။ ညီငယ်အောင်မင်းလည်း တေဇလုပ်သလိုလိုက်လုပ်တယ်။ သုံးကြိမ်တိတိ။ လူတွေ ဘုရားရှိခိုးရင် သုံးကြိမ်တိတိ ကန်တော့ကြတယ်။ အများနည်းတူ လုပ်ကြတယ်။ ဘုရားကြီးဆီက ထွက်လာတဲ့အခါ ခြေလှမ်းတွေနှည်းလာပြီး ညီအစ်ညီနှစ်ယောက်စကားမပြောဖြစ်ဘဲ တိတ်ဆိတ်နေတယ်။

ဗေဒင်ဆရာတွေဆိုင်တို့ အမှတ်တရပစ္စည်းတွေ ရောင်းတဲ့ဆိုင်တွေကို ကျော်ဖြတ်လာခဲ့တယ်။ သူတို့နှစ်ယောက်မှာ စာကလေးလွှတ်ဖို့ ပိုက်ဆံအပိုမပါပေမဲ့၊ ကြိမ်ခြင်းထဲ

က စာကလေးတွေကို ခဏငေးကြည့်နေမိတယ်။ ဒီလိုနဲ့အပြန် မြို့ထဲပြန်ရောက်တော့ ဆူညံသံတွေ ပြန်ကြားလာကြရတယ်။ စကားတလုံးမှမပြောဘဲ စက္ကူရောင်းတဲ့ဆိုင်တွေ အပေါင်ဆိုင်တွေ၊ ထိုင်ခုံသေးသေးလေးတွေမှာထိုင်ပြီး လက်ဖက်ရည်သောက်ရင်း အငြင်းပွားနေတဲ့ ကုလားအဖိုးကြီးတွေကို တွေ့ရတယ်။

ဘုရားကျောင်းကန်သွားပြီး ပြန်တဲ့အခါတိုင်း စိတ်ထဲမှာ အရာရာကို အလေးအနက် ထားတတ်လာပြီး စိတ်ထဲမှာလည်း ပေါ့ပါးလန်းဆန်းနေတယ်။ ခဏအကြာမှာ စိတ်ထဲမှာ လေပြေင်းတခုတိုက်ခတ်သွားသလို ဖြစ်သွားတယ်။ **“ ငါတို့ နောက်ဘယ်တော့မှ သူများအသက် မသတ်တော့ဘူးကွာ။”** ခေါက်ဆွဲကြော်နံ့ မွှေးမွှေးလေး နှာခေါင်းထဲရောက်လာတယ်။ အောင်မင်းက **“ ပြောလို့မရဘူး၊ ပြန်လုပ်ချင်လဲ လုပ်မှာဘဲ။ ”** ပြောတော့ တေဇ အောင်မင်းရင်ဘတ်ကို တွန်းလိုက်တယ်။ **“ မေမေက ငါတို့ ရဲ့ လောက်လေးခွကို ပြန်ပေးမှာ မဟုတ်တော့ဘူးကွ”။**

တဖြည်းဖြည်းနှင့် ခြေလှမ်းတွေသွက်လာတယ်။ ဟင်းနံ့တွေ၊ ဘတ်စ်ကားမီးခိုးနံ့တွေ၊ ဘတ်စ်ကားက ကျကျန်ရစ်တဲ့ ဆီနံ့တွေရလာတယ်။ “ သိပ်မပူတော့ဘူးနော” ပြောပြောဆို ညီအစ်ကိုနှစ်ယောက် အိမ်ဖက်ကို ပြေးကြတော့တယ်။ သူတို့မြို့အကြောင်းကို ပြန်သတိရတယ်။ သဘောကျစရာကောင်းတဲ့ မြို့နာမည်ပဲ။ “ ရန်ကုန်”။ ဟုတ်တယ်လေ။ ရန်တွေကုန်သွားတာ ဘယ်လောက်ကောင်းသလဲ။ လွတ်လပ်မှုအရသာကို ပြန်ခံစားလာရတယ်။ ၅ဘလောက်လောက်ဝေးတဲ့ အိမ်ဖက်ကို ဖုန်တွေထနေတဲ့ကြားမှာ ငှက်နှစ်ကောင် ထပ်ပျံသန်းသွားကြတယ်။

———————— ——————

မေမေဟာ သူ့စိုက်ခင်းထဲမှာ သစ်ခွပန်းတွေကို ရေလောင်းနေတယ်။ မေမေ့မျက်နှာဟာ မနက်တိုင်းဘုန်းတော်ကြီးတွေ ဆွမ်းခံကြွလာတိုင်း ဆွမ်းလောင်းနေစဉ် အဖေ့အတွက် သတိတရကောင်းမှုကုသိုလ်ပြုနေကျ မျက်နှာမျိုးဖြစ်ပါတယ်။ ပန်းတွေထဲမှာ မရမ်းစေ့ရောင် ပန်းများဟာထူးခြားစွာ ဖူးပွင့်နေကြပါတယ်။ မေမေရဲ့ အမြတ်နိုးဆုံး မရမ်းစေ့ရောင်ပန်းများဟာ တောထဲမှာအလေ့ကျပေါက်တာထက် ပိုလှပါတယ်။ ပိုက်ကွန်အစပ်လေး အုပ်ထားလို့ နေရောင်ပြင်းပြင်းမခံရပေ။ ညနေခင်းချိန် ရောက်ပြီမို့ ကောင်းကင်ကြီးဟာ မရမ်းစေ့ရောင် ပိုးပိတ်စကြီး ဖြန့်ချထားသလို လှပနေပါတယ်။

တေဇဟာမေမေရဲ့ လျှို့ဝှက်ချက်တွေကို သိပ်သိချင်နေတယ်။ မေမေငါတို့လုပ်တာတွေ ဘယ်လိုများ လုပ်ပြီးသိသွားတာလည်း။ ဦးတိုးအောင်ကများ ပြန်တိုင်တာလား?

**“ မဟုတ်ဘူး၊ မင်းရယ် အောင်မင်းရယ် အတူတူထွက်သွားရင် မဟုတ်တာ**

**တခုခုလုပ်တော့မယ်၊ ငါ့ရဲ့လည်ပင်းနောက်နားက လှုပ်သွားတယ်။ အဲဒါနဲ့ ငါသိတာ။ ငါပြောပြီးဘဲ။ ငါ့ခေါင်းထဲ တခုခုရောက်လာလို့ ငါမင်းနဲ့အောင်မင်းကို လိုက်ရှာတာ။ မင်းတို့ ဘာလုပ်လုပ်ငါသိရမှာဘဲ။ ငါမင်းတို့အမေဘဲ။ မင်းတို့ဟာ ညီအစ်ကိုအရင်းတွေဘဲ။ ဘယ်တော့မှမမေ့နဲ့။** ငါတို့ဟာ မမြင်နိုင်တဲ့ကြိုးတွေ ထောင်ပေါင်းများစွာနှင့် ချည် ထားကြတယ်။ အဲဒီကြိုးတွေဟာ မျက်စိနှင့်မမြင်နိုင်ဘူး။ ဖိုးဖိုးငါးများတဲ့ ပလပ်စတစ်ကြိုးလို သိပ်ခိုင်တဲ့ကြိုးလား? ဘယ်လိုကြိုးမျိုးလဲ? မေမေ ပြုံးလိုက်တယ်။

**" သွား--- သွားကစားကြတော့။ အေး-- ဒါပေမဲ့ ငါမှာထားတာ ဘယ်တော့မှာမမေ့နဲ့။ လောက်လေးခွဆိုတာ သရက်ပင်က သရက်သီးခူးဖို့ဘဲသုံး။"** အောင်မင်းလွှန်ခဲ့တဲ့ တနှစ်ကျော်လောက်က ပုဇွန်တောင်ဘက်လျှို့ဝှက်ကိစ္စနှင့်သွားတုန်း မေ့ကျန်ခဲ့တယ်။ ဘယ်လိုလုပ်ရမလဲ? အခုတော့ ညီအစ်ကိုနှစ်ယောက် လောက်လေးခွတလက်ဘဲ ရှိတယ်။

ညီအစ်ကိုနှစ်ယောက် အိမ်မြှောင်တွေ မသတ်တော့ပါ။ တေဇဟာ ခြံစည်းရိုးပေါ်မှာတင်ထားတဲ့ ပုလင်းတွေ၊ သရက်သီးတွေ မပစ်တော့ပါ။ သူအိမ်ခေါင်မိုးပေါ်မှာ လေးခွကိုအဝတ်နှင့်လုံအောင်ထုတ်၊ သားရေကွင်းများစွာနှင့် လေးခွပုံမပေါက်တော့အောင် ရစ်ပတ်ထားတယ်။ အောင်မင်းမမြင်အောင် သိမ်းထားလိုက်တယ်။

အောင်မင်း ဘယ်တော့မှ မတွေ့အောင် နေရာခဏခဏပြောင်းထားတယ်။ တေဇစိတ်ထဲမှာ အောင်မင်းသူ့ကို သူ့ရဲ့လေးခွနှင့်ပစ်မှာ သိပ်ကြောက်တယ်။ ကိုယ့်လောက်လေးခွနှင့် ကိုယ့်ကိုပြန်ပစ်တာကို မခံချင်ပါ။ ထမင်းဝိုင်းမှာ ဘာအသံမှ ထွက်မလာပါ။ မေမေက အောင်မင်းရဲ့ထမင်းပန်းကန်ထဲကို ဟင်းတွေနှစ်ဇွန်းထပ်ထဲ့ပေးနေတယ်။ တေဇစိတ်ထဲမှာ ဒီနေ့ထမင်းစားရတာ လုံးဝခံတွင်းမတွေ့ပါ။

**တေဇ။ ။" အောင်မင်း ငါထင်တယ်၊ မင်းလုပ်တာတွေဟာ မှားနေပြီထင်တယ်။ "**

**အောင်မင်း။ ။" အေး-- ငါစိတ်မကောင်းဘူး။ "**

**တေဇ။ ။" မင်းသွားမယ်ဆိုရင် မင်းမှားသွားမယ်။ "**

**အောင်မင်း။ ။" ငါတို့ သေသေချာချာ ဆွေးနွေးခဲ့ကြပြီးပြီ။ ငါ့မှာရွေးစရာလမ်းမကျန်တော့ဘူး။ ငါသာထွက်မသွားရင် အိမ်မှာဘဲ ဖေဖေ့လိုဘဲ ငုတ်တုတ်ထိုင်ပြီး အဖမ်းခံရမှာ။ မင်းရော သိပ်အခြေအနေမကောင်းဘူး။ မင်းသိပ်အရဲစွန့်လွန်းတယ်။ မင်းဟာ မင်းအခြေနေကို နားမလည်သေးဘူး။ "**

**တေဇ။ ။" အဲဒီလိုဆိုရင် မင်းတနေရာရာမှာဘဲဖြစ်ဖြစ် ခဏလောက်ပုန်းနေလိုက်ပေါ့။ မဖြစ်ဘူးလား။ မန္တလေးဖြစ်ဖြစ်၊ စစ်ကိုင်းဖြစ်ဖြစ် ဘုရားကျောင်းကန်တွေ အများကြီးရှိတဲ့နေရာမှာ ကိုရင်ဝတ်ပြီးကိုယ်ရောင်ဖျောက်နေလိုက်ပေါ့။ ဘုန်းကြီးတွေဟာ တခြားကျောင်းသားတွေကိုလည်း ဒီလိုဘဲ ဝှက်ပေးကြတာပဲ။**

**အခြေအနေ သိပ်မကောင်းတော့ဘူး။ မင်း –– ဖေဖေပြောခဲ့တာတွေ မေ့နေပြီလား။"**

**အောင်မင်း။ ။ " တော်ပြီ တေဇ။ ထပ်မပြောနဲ့တော့။ အခုအခြေအနေတွေဟာ ဖေဖေရှိတုန်းကလို မဟုတ်တော့ဘူး။ အများကြီးပြောင်းလဲသွားပြီ။ ဖေဖေ့စကားဟာ အမှန်ပဲ။ မင်းမှတ်မိ ဦးမလား။ သေနတ်ကိုကိုင်ပြီး စစ်တိုက်တာ အာဏာရှင်ဆန်တယ် ဆိုတာလေ။"**

အောင်မင်း စားပြီးသားပန်းကန်ကို အားနှင့်တွန်းထုတ်လိုက်လို့ ထမင်းစားပွဲပေါ်ကနေ အောက်ကိုကျလုလုမှာ တေဇက ဖမ်းထိမ်းလိုက်တယ်။ **" တော်တော့ ငါတို့ အဖေ့အကြောင်းမပြောနဲ့။ အဖေဟာ သူတို့သတ်လို့ သေရတာမဟုတ်လား။ အခုအုပ်ချုပ်နေတဲ့ စစ်အစိုးရ မပြောင်းမခြင်း လူဘယ်နှစ်ယောက် ထပ်သေရဦးမှာလဲ။"**

**တေဇ။ ။ " ငါမေးနေတာလည်း ဒါဘဲလေ။ ငြင်းနေလို့လည်း အပိုပဲ။ အဖြေရော၊ မေးခွန်းရော အတူတူပဲ။ ဒီမိုကရေစီဆိုတာ အရေးကြီးဆုံးပဲ။ အဲဒါကို ရအောင်လုပ်ရမယ်။"**

ဒေါ်စန္ဒာဟာ နှုတ်ခမ်းအစုံကို တင်းတင်းကျပ်ကျပ် ပိတ်ထားတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ဒီညီအစ်ကိုနှစယောက် ကိုယ့်ဘဝကိုယ် ဆုံးဖြတ်ကြရမယ်။ စားပွဲဝိုင်းအစွန်းကို စိတ်မကောင်းစွာ မေမေစိုက်ကြည့်နေတယ်။ တေဇရင်ထဲမှာ တင်းတင်းကျပ်ကျပ် ခံစားလာရတယ်။ တေဇလည်း နားလည်တယ်။ မေမေ့လိုဘဲ အောင်မင်းကို နယ်စပ်ကိုထွက်သွားဖို့ အားမပေးချင်ဘူး။ ဒါပေမဲ့ အောင်မင်းလွတ်ဖို့လမ်းဟာ ဒီလမ်းဘဲကျန်တော့တယ်။ ရွေးစရာလမ်းမရှိဘူးလေ။

မေမေဟာ အောင်မင်းရဲ့ လက်မောင်းကို တင်းတင်းကျပ်ကျပ် ဆုတ်ကိုင်လိုက်ရင်း တိုးတိုးလေးပြောလိုက်တယ်။ " ကိုးနာရီ ထိုးတော့မယ်။" ဗမာပြည်အထက်ဘက်ကို သွားမဲ့ ဘတ်စ်ကားကို အမီလိုက်ပြီး ကျောင်းကသူငယ်ချင်းတွေနှင့် ချိန်းထားတဲ့နေရာသွားရမယ် မဟုတ်လား။ အဲဒီသူငယ်ချင်း ကျောင်းသားတွေနှင့် ယိုးဒယားနယ်စပ်စခန်းကို အရောက်သွားရမှာ။ မဲဆောက်ကို ရောက်အောင်သွားရမယ်။

**အောင်မင်း။ ။ "တေဇ ဘာဘဲဖြစ်ဖြစ် ငါသွားရတော့မယ်။ မင်းတော့ လိုက်ခဲ့လို့ မဖြစ်ဘူး။ ဒီမှာနေရင်း မေမေ့ကို စောင့်ရှောက်ရမယ်။"**

**တေဇ။ ။ " ငါ– ဗမာပြည်မှာဘဲနေမယ်။ ဒါဟာ ငါ့နိုင်ငံ။ ငါမွေးတဲ့နေရာ"**

တေဇကိုယ့်ကိုကိုယ် ယုံကြည်တယ်။ သရဲဘောကြောင်လို့ နေခဲ့တာမဟုတ်ဘူး။ ဒီအိမ်ကိုလည်း မခွဲချင်ဘူး။ မေမေ့ကိုလည်း မခွဲနိုင်သလို၊ အချစ်ဆုံး သဇင်ကိုလည်း မခွဲနိုင်ပါ။ ချစ်ခြင်းမေတ္တာတွေ၊ သံယောဇဉ်တွေကြောင့် သရဲဘောကြောင်လို့ မဟုတ်ဘူး။ သဇင်နှင့်နောက်နှစ်နှစ်လောက်ဆိုရင် လက်ထပ်ကြမယ်လို့ တိုင်ပင်ထားတယ်။ တကယ်လို့ သဇင်လိုက်ခဲ့ရင်တော့ သူလည်းအောင်မင်းလို တောခိုဖြစ်မှာဘဲ။ ဒါပေမဲ့ သဇင်မိဘတွေက ခွင့်ပြုမှာမဟုတ်

ဘူး။ နယ်စပ်ဆိုတာ တောနက်ပြီး ခရီးကြမ်းတယ်။ သိပ်ပင်ပန်းမယ်။ အန္တရာယ်တွေလည်း သိပ်များတယ်။ သိပ်ချစ်စရာကောင်းတဲ့ သဇင်က အကြမ်းမခံနိုင်ဘူး။ တောတွေ၊ တောင်တွေကြားထဲ ပြေးလိုက်၊ လွှားလိုက်မဖြစ်နိုင်ဘူး။ သဇင့်အသားတွေ ပန်းပွင့်လေးလို သိပ်နူးညံ့ပျော့ပြောင်းလှပါတယ်။

အောင်မင်းနောက်ကို တပတ်လှည့်လိုက်တဲ့အချိန်မှာ တေဇဟာ ထိုင်ခုံပေါ်က ဆင်းလိုက်တယ်။ အောင်မင်းဟာ အခုချိန်ထိ အချစ်ရဆုံးညီငယ် မဟုတ်လား။ အခုချိန်က စပြီး သူတို့ တယောက်ကို တယောက် ကာကွယ်နိုင်ကြတော့မှာ မဟုတ်ဘူး။ တေဇဒေ့ဖ်ခန်း ထဲမှာ အောင်မင်းကို စောင့်နေလိုက်တယ်။ အောင်မင်းတံခါးဝကို ရောက်နေပြီး ကျောပိုး အိတ်တလုံးကျောမှာ လွယ်ထားတယ်။ လက်ကောက်တကွင်း၊ ဆွဲကြိုးတကုံး၊ မေမေက အောင်မင်းရဲ့ ဂျင်းဂျက်ကက်အိတ်ထဲမှာ အပ်ချည်ကြိုးနှင့် သေသေချာချာ ထိုး ပြီးထဲ့ထားတယ်။ မိသားစုပိုင်ဆိုင်သော နောက်ဆုံး ရွှေတွေဘဲ။ "နေဦး၊ ခဏစောင့်ဦး" တေဇပြောလိုက်ရင်း အိမ်ပေါ်ကိုပြေးတက်သွားတယ်။ ပြန်ဆင်းလာတော့ အညိုရောင် အိတ်ကလေးနှင့်ပတ်ထားပြီး သားရေပင်တွေနှင့် ရစ်ပတ်ချည်နှောင်ထားတဲ့ ပစ္စည်း လေး။

**အောင်မင်း။ ။ " ဘာလဲကွ၊ အရေးတကြီးပေးစရာကလဲ?**

**တေဇ။ ။ " မင်းတောထဲရောက်မှ ဖွင့်ကြည့်ပေါ့ကွာ၊ မင်းအတွက် တကယ် အလိုအပ်ဆုံးအရာ ဖြစ်လာမှာသေချာတယ်။ အရေးပေါ်ကျည်ဆန်ပေါ့ကွာ။ "**တေဇရယ် မောသလိုပြောလိုက်ပေမဲ့ လည်ချောင်းထဲမှာ ရေဆာသလို အာခေါင်ခြောက်ကပ်နေ တယ်။

အခုလည်း တေဇ တယောက်တည်းကျန်ရစ်ခဲ့ ရဦးမှာဘဲ။ အဖေတုန်းကလည်း ခံစားချက်အတူတူဘဲ။ ဒါပေမဲ့ ဒီတခါဟာ အဖေအဖမ်းခံရတဲ့အချိန်တုန်းကနှင့် မတူဘူး။ အဖေဟာ စစ်တပ်ကဖမ်းသွားတာ။ အောင်မင်းက တေဇကိုခွဲပြီးထားခဲ့တာ။ သူ့ရည်ရွယ် ချက်တွေအတွက် အောင်မင်း တေဇကိုချန်ရစ်ခဲ့တာ။ တေဇ ဘာမှမတတ်နိုင်တော့ပါ။ သူ့ စိတ်ထဲမှာ သူဟာ အောင်မင်းကို သစ္စာဖောက်မိသလို ခံစားမိတာအမှန်ဘဲ။ သူ့ညီအောင် မင်း သူ့ကိုဖက်ပြီး နှုတ်ဆက်ချိန်မှာ တေဇ **" မင်းကို ငါချစ်ပါတယ်"**ဆိုတာကို အောင်မင်း နားနားကပ်ပြီး ပြောလိုက်ပါတယ်။ အောင်မင်း ဘာမှပြန်မပြောနိုင်ခဲ့ပါ။

သူ့ညီ –– အမွှာလောက်ချစ်ရတဲ့ ညီလေး၊ တံခါးကိုဖြတ်ပြီး ခြံထဲကထွက်သွားပြီ။ မျက်စိအစုံကို မှတ်လိုက်ရင်း တရွေ့ရွေ့ဝေးသွားတဲ့ အောင်မင်းရဲ့ ခြေသံကိုဘဲ နားစွင့်နေ မိတယ်။ စကားသိပ်များတဲ့ လူငယ်တယောက်ထွက်သွားတဲ့ " ဖလပ်၊ ဖလပ်" ဆိုတဲ့ခြေသံ တွေဟာ တဖြည်းဖြည်းနဲ့ တိုးတိုးသွားလို့ မကြားရတော့သလို တေဇခံစားမိတယ်။ တေဇ မျက်စိကို အသာအယာဖွင့်ကြည့်မိတယ်။ မျက်စိတမှိတ်အတွင်းမှာ အရာရာဟာပြောင်းလဲ ခဲ့ပါတယ်။ စာတိုက်သေတ္တာပေါ်မှာ လရောင်နှင့်အထီးကျန်စွာပွင့်နေတဲ့ သစ်ခွပန်းလေးဟာ

အမေပျောက်သွားလို့ ကျန်ရစ်တဲ့ကလေးငယ်ပမာ သိမ်ငယ်အားနွဲ့ကျန်ရစ်နေတယ်။

————————————— ——————————

အစိမ်းရောင်နုနု သမ်းနေတဲ့ အိမ်မြှောင်အမြီးလေး နံရံကြားကို တိုးဝင်ပျောက်ကွယ်သွားပြီး ကုတင်ပေါ်မှာထိုင်နေရင်း ထိုးထားတဲ့မော်ဖင်းအရှိန်က တရိပ်ရိပ်တက်နေပြီး ရင်ထဲမှာ တလှပ်လှပ်နှင့် လေထဲမှပျံနေ၊ လွင့်မျှောနေသလိုဘဲ။ တေဇမျက်စိထဲမှာတော့ အပြင်က ကောင်းကင်ပြာကြီးကို ခြားထားတဲ့ သံတိုင်အချောင်းတွေကိုဘဲ စိတ်ညစ်စွာ ငေးကြည့်နေမိတယ်။ ငယ်ငယ်တုန်းက အိပ်ခဲ့တဲ့အိပ်ယာကို သတိရမိတယ်။ ကုတင်အောက်မှာ တေဇသိပ်တန်ဖိုးထားပြီး အားကျတဲ့ ဖေဖေ့ခါတ်ပုံ၊ အဖိုးပေးခဲ့တဲ့ နစ်မပါတဲ့ဖောင်တိန်တချောင်း၊ မျက်စိပုံစံပါတဲ့ ဒေါင်းရဲ့အမွေးတောင်တစုံ၊ ဖေဖေမသုံးဖြစ်လို့ သိမ်းထားခဲ့တဲ့ ကာဗွန်ပေပါအလိပ်လေးတခုထည့်ထားတဲ့ သံဗူးလေးဟာ တေဇနှင့်အောင်မင်းတို့ ညီအစ်ကို အိပ်တဲ့အခန်းထဲမှာ အခုထက်ထိရှိနေဦးမယ်။ တေဇမှတ်မိသေးတာက အဲဒီသံဗူးလေးဟာ ၁၉၈၈ နိုဝင်ဘာ ၂၉ရက်နေ့အထိ တေဇနှင့်အတူ ရှိခဲ့ပါတယ်။

ဘာဖြစ်လို့လည်းဆိုတော့ အဲဒီည ဆယ်နာရီခွဲတိတိမှာ စစ်ထောက်လှမ်းရေးသမားတွေ တေဇရဲ့တံခါးကို တဒုန်းဒုန်းနှင့် ထုနေပြီး တံခါးအတင်းဖွင့်ခိုင်းနေတဲ့အချိန်မှာ တေဇဟာ အဲဒီသံဗူးလေးကို နှမျောတသသနှင့် ငေးပြီး ကြည့်နေခဲ့တဲ့အချိန် ဖြစ်ပါတယ်။

အဲဒီသံဗူးလေးထဲက ပျောက်ဆုံးနေတဲ့ ပစ္စည်းလေးဟာ တေဇအခုလို အဖမ်းမခံရခင် တလလောက်က ညီအစ်ကိုနှစ်ယောက် ခွဲခွာခြင်းအထိမ်းအမှတ်နှင့် တေဇ အောင်မင်းကို ပေးလိုက်တဲ့ လောက်လေးခွတလက်ဖြစ်ပါတယ်။ တေဇရဲ့အချစ်တော် ဝိုင်ပုံစံသစ်သားကောင်းကောင်းနှင့် ထွင်းထားတဲ့ လေးခွလေး၊ တေဇငယ်ငယ်ကတည်းက ကိုင်လာခဲ့တဲ့ လေးခွလေးမှာ ဖုန်တွေတောင် တက်နေဦးမယ်ထင်တယ်။

ဖေဖေ့ကို ဖမ်းသွားတုန်းကလိုဘဲ တေဇကို ဖမ်းတော့လည်းအတူတူပဲ။ ခေါင်းပေါ်ကိုဆန်အိတ်အလွတ်စွပ်ပြီး ကြိုးတုတ်ပြီး ကားရဲ့ကြမ်းပြင်ပေါ်ပစ်ထားခဲ့ကြတယ်။ လည်ပင်းကို စစ်ဖိနပ်နှင့်ဖိထားတယ်။ ဒေါ်စန္ဒာဟာ မီးဖိုချောင်ထဲကစားပွဲခုံမှာ တိတ်ဆိတ်ငြိမ်သက်စွာထိုင်ရင်း ကျန်ရစ်ခဲ့တယ်။ ဒါဟာအမှန်ပဲ။ တေဇအဖမ်းခံရရင် မေမေဘာယ်လိုလုပ်ပြီး ကျန်နေခဲ့မယ်ဆိုတာကို တေဇ မမြင်စေချင်တာအမှန်ပဲ။

ဒီတကြိမ်ဟာ ဒေါ်စန္ဒာဘဝအတွက် ပထမဦးဆုံးလုပ်ခဲ့ဘူးတဲ့ အလုပ်ပဲ။ ကြွေကွဲစွာ အော်ဟစ်ငိုကြွေးမိတယ်။ စိတ်ထဲမှာ ဒီတခါတော့ မျိုသိပ်မထားတော့ပါ။ သေချာတာကတော့ ဒေါ်စန္ဒာရဲ့ငိုသံကို ကြားနိုင်တဲ့သူ တယောက်မှမရှိတော့ဘူး မဟုတ်လား။ ဘယ်သူမှ မကြားနိုင်တော့တာ သေချာမှတော့ အော်ငိုမိပြီပေါ့။